


Form (2)

851-L

11.11.2015

The Republic of The Union of Myanmar

The Myanmar Investment Commission

Permit

Permit No. 1036 / 2015 Date 11, NOVEMBER 2015

This Permit is issued by the Myanmar Investment Commission according to the section 13 (b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/Promoter MR. PRAVEEN KUMAR JAIN

(b) Citizenship SINGAPOREAN

(c) Address 110 TANJONG RHU ROAD, # 05-05 CAMELOT SINGAPORE 436928

(d) Name and Address of Principal Organization VALENCY INTERNATIONAL TRADING PTE. LTD.

(e) Place of incorporation REPUBLIC OF SINGAPORE

(f) Type of Investment Business MANUFACTURING AND MARKETING OF PLYWOOD, FACE VENEER, CORE VENEER, TEAK VENEER AND SAWN TIMBER

(g) Place(s) at which investment is permitted PLOT NO. 193 AND 194/B, MYAY TAING BLOCK NO. INDUSTRIAL ZONE (1), DAGON MYOTHIT (SEIK KAN) TOWNSHIP, YANGON REGION

(h) Amount of Foreign Capital US$ 4.226 MILLION

(i) Period for Foreign Capital Brought in WITHIN 24 MONTHS FROM THE DATE OF ISSUANCE OF MIC PERMIT

(j) Total Amount of Capital (Kyat) EQUIVALENT IN KYAT OF US$ 4.226 MILLION

(k) Construction period 24 (TWENTY FOUR) MONTHS

(l) Validity of Investment Permit 15 YEARS

(m) Form of Investment WHOLLY OWNED FOREIGN INVESTMENT

(n) Name of Company Incorporated in Myanmar MYANMAR EVERGREEN GURJAN WOOD COMPANY LIMITED

11/11

Chairman

The Myanmar Investment Commission



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၁၀၃၆ /၂၀၁၅ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည်-

(က) ရင်းနှီးမြှုပ်နှံသူ/ကမကထပြုသူ၏အမည် MR. PRAVEEN KUMAR JAIN

(ခ) နိုင်ငံသား စင်္ကာပူ

(ဂ) နေရပ်လိပ်စာ 110 TANJONG RHU ROAD, #05-05 CAMELOT, SINGAPORE 436928

(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ VALENCY INTERNATIONAL TRADING PTE. LTD.

(င) ဖွဲ့စည်းရာအရပ် REPUBLIC OF SINGAPORE

(စ) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား အထပ်သား၊ မျက်နှာပြင် သစ်ပါးလွှာ၊ မျက်နှာပြင်ကပ် သစ်ပါးလွှာ၊ ကျွန်းသစ်ပါးလွှာနှင့် သစ်ခွဲသား ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) မြေကွက်အမှတ် (၁၉၃၊၁၉၄/B)၊ မြေတိုင်းရပ်ကွက်အမှတ် စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဇ) နိုင်ငံခြားမတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာ ၄.၂၂၆ သန်း

(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ကော်မရှင် ခွင့်ပြုမိန့်ရရှိသည့်နေ့မှ ၂၄ လ အတွင်း

(ည) စုစုပေါင်းမတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန်ဒေါ်လာ ၄.၂၂၆ သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေ

(ဋ) တည်ဆောက်မှုကာလ ၂၄ လ အတွင်း

(ဌ) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့် သက်တမ်း ကနဦး၁၅ နှစ်


(ဍ) ရင်းနှီးမြှုပ်နှံမှုပုံစံ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ဎ) မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့်ကုမ္ပဏီအမည် MYANMAR EVERGREEN GURJAN WOOD COMPANY LIMITED

11/11

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်



THE REPUBLIC OF THE UNION OF MYANMAR

MYANMAR INVESTMENT COMMISSION

No.(1), Thitsar Road, Yankin Township, Yangon

Our ref : DICA-2/ FI- 130/ 2015(857 - L) Tel: 01-658127

Date : 11th November 2015 Fax: 01-658136

Subject: Decision of the Myanmar Investment Commission on the Proposal for "Manufacturing and Marketing of Plywood, Face Veneer, Core Veneer, Teak Veneer and Sawn Timber" under the name of Myanmar Evergreen Gurjan Wood Company Limited.

Reference: Myanmar Evergreen Gurjan Wood Company Limited Letter dated (11-8-2015)

1. The Myanmar Investment Commission, at its meeting (18/2015) held on (23-10-2015) had approved the proposal for investment in "Manufacturing and Marketing of Plywood, Face Veneer, Core Veneer, Teak Veneer and Sawn Timber" under the name of "Myanmar Evergreen Gurjan Wood" submitted as a wholly owned foreign investment by Valency International Trading Pte. Ltd. from Republic of Singapore.

2. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of the Republic of the Union of Myanmar Foreign Investment Law and Chapter VIII, Rule 49 of the Foreign Investment Rules relating to the Republic of the Union of Myanmar Foreign Investment Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be 15 (fifteen) years. The term of the lease shall be 15 (fifteen) years commencing from the date of signing of the Land and Building Lease Agreement measuring 4.726 acres of land and extendable for 2 (two) years in 1 (one) time by mutual agreement between U Khin Maung Lay and Daw Thida (Lessors) and Myanmar Evergreen Gurjan Wood Company Limited (Lessee). On the expiry of the Land and Building Lease

Agreement, Myanmar Evergreen Gurjan Wood shall transfer the leased land and building to the Lessor without any consideration within 3 (three) months in good condition, ground damages having been refilled or repaired.

4. The annual rent for the land and building shall be US$ 105,000(United States Dollar one hundred and five thousand only) calculated at the rate of US$ 5.49 per square meter per year for the first five years of the total land measuring 19125.441 square meters (4.726 acres). The rate of rent shall be revised after every five years and increase of the rate shall not be more than 10% of the preceding annual rent.

5. In issuing this "Permit," the Commission has granted, the followings, exemptions and reliefs as per section 27 (a), (h), (i) and (k) of the Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project;

(a) As per section-27(a), income tax exemption for a period of five consecutive years including the year of commencement on commercial operation;

(b) As per section-27(h), exemption or relief from customs duty or other internal taxes or both on machinery, equipment, instrument, machinery components, spare parts and materials used in the business which are imported as they are actually required for use during period of construction of business;

(c) As per section-27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(d) As per section-27(k), exemption or relief from commercial tax on the goods produced for export;

6. Myanmar Evergreen Gurjan Wood Company Limited shall have to sign the Lease Agreement for land and building with U Khin Maung Lay and Daw Thida.

After signing the Land and Building Lease Agreement, (5) copies shall have to be forwarded to the Commission.

7. Myanmar Evergreen Gurjan Wood Company Limited in consultation with the Department of Company Registration, Directorate of Investment and Company Administration shall have to be registered. After registration, (5) copies each of Certificate of Incorporation and Memorandum of Association and Articles of Association shall have to be forwarded to the Commission.

8. Myanmar Evergreen Gurjan Wood Company Limited shall use its best efforts for timely realization of works stated in the Proposal. If none of such works has been commenced within one year from the date of issue of this "Permit" it shall become null and void.

9. Myanmar Evergreen Gurjan Wood Company Limited has to abide by Chapter X, Rule 58 and 59 of the Foreign Investment Rules for construction period.

10. As per Chapter X, Rule 61 of the Foreign Investment Rules, extension of construction period shall not be granted more than twice except it is due to unavoidable events such as natural disasters, instabilities, riots, strikes, emergency of State condition, insurgency and outbreak of wars.

11. As per Chapter X, Rule 63 of the Foreign Investment Rules, if Myanmar Evergreen Gurjan Wood Company Limited cannot construct completely in time the construction period or extension period, the Commission will have to withdraw the permit issued to the investor and there is no refund for the expenses of the project.

12. The commercial date of operation shall be reported to the Commission.

13. Myanmar Evergreen Gurjan Wood Company Limited is prohibited from importing (if any) the same species of wood available in Myanmar.

14. Myanmar Evergreen Gurjan Wood Company Limited shall endeavour to meet the targets for production and for export stated in the proposal as the minimum target.

15. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal and also in accordance with Chapter XI, section 24 and section 25 of the Foreign Investment Law and the Myanmar Evergreen Gurjan Wood Company Limited has to follow the existing Labour Laws for the recruitment of staff and labour in accordance with Chapter XIII, Rule 84 of the Foreign Investment Rules.

16. In order to evaluate foreign capital and for the purpose of its registration in accordance with the provisions under Chapter XV, section 37 of the Foreign Investment Law, it is compulsory to report as early as possible in the following manner:-

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened and defined under Chapter XVI, Rules 134 and 135 of the Foreign Investment Rules;

(b) the detailed lists of the type and value of foreign capital defined under Chapter I, section-2(i) of the Foreign Investment Law, other than foreign currency.

17. Whenever Myanmar Evergreen Gurjan Wood Company Limited brings in foreign capital defined under Chapter I, section-2(i) of the Foreign Investment Law, other than foreign currency in the manner of paragraph 16(b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection Firm with regard to quantity, quality and price of imported materials shall have to be attached.

18. Myanmar Evergreen Gurjan Wood Company Limited has the right to make account transfer and expend the foreign currency from his bank account in accordance with Chapter XVI, Rule 136 of the Foreign Investment Rules and for transfer of local currency generated from the business to the local currency account opened at the bank by a citizen or a citizen-owned business in the State and right to

transfer back the equivalent amount of foreign currency from the foreign currency bank account of citizen or citizen-owned business by submitting the sufficient document in accordance with Chapter XVII, Rule 145 of the Foreign Investment Rules.

19. Myanmar Evergreen Gurjan Wood Company Limited hall report to the Commission for any alteration in the physical and financial plan of the project. Cost overrun, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

20. Myanmar Evergreen Gurjan Wood Company Limited shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per instructions made by Ministry of Environmental Conservation and Forestry in which to conduct an Initial Environmental Examination (IEE) Process and an Environmental Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity has to be prepared and submitted and to perform activities in accordance with this EMP and be abided by the environmental policy, Environmental Conservation Law and other environmental related rules and procedures.

21. Myanmar Evergreen Gurjan Wood Company Limited shall have to apply for private owned plantation areas of own consumptions to Forest Department, Ministry of Environmental Conservation and Forestry.

22. After getting permit from Myanmar Investment Commission, Myanmar Evergreen Gurjan Wood Company Limited shall have to be registered at the Directorate of Industrial Supervision and Inspection.

23. Myanmar Evergreen Gurjan Wood Company Limited shall have to abide by the Fire Services Department's rules, regulations, directives and instructions.

Moreover, fire prevention measures shall have to undertake such as water storage tank, fire extinguishers and provide training to use the fire fighting equipments.

24. Payment of principal and interest of the loan (if any) as well as payment for import of raw materials and spare parts etc., shall be made either out of the local sales in Kyat currency and US$ or from export earnings of Myanmar Evergreen Gurjan Wood Company Limited.

25. Myanmar Evergreen Gurjan Wood Company Limited in consultation with Myanma Insurance, shall effect such types of insurance defined under Chapter XII, Rule 79 and 80 of the Foreign Investment Rules.

(Zay Yar Aung)

Chairman

Managing Director

Myanmar Evergreen Gurjan Wood Company Limited

cc: 1. Office of the Government of the Republic of the Union of Myanmar

2. Ministry of Home Affairs
3. Ministry of Foreign Affairs
4. Ministry of Environmental Conservation and Forestry
5. Ministry of Electric Power
6. Ministry of Immigration and Population
7. Ministry of Industry
8. Ministry of Commerce
9. Ministry of Finance
10. Ministry of National Planning and Economic Development
11. Ministry of Labour, Employment and Social Security
12. Office of the Yangon Region Government
13. Director General, Immigration and National Registration Department

14. Director General, Department of Environmental Conservation
15. Director General, Forest Department
16. Director General, Directorate of Industrial Supervision and Inspection
17. Director General, Customs Department
18. Director General, Internal Revenue Department
19. Director General, Directorate of Trade
20. Director General, Directorate of Investment and Company Administration
21. Director General, Directorate of Labour
22. Director General, Fire Service Department
23. Managing Director, Myanma Timber Enterprise
24. Managing Director, Myanma Electric Power Enterprise
25. Managing Director, Myanma Foreign Trade Bank
26. Managing Director, Myanma Investment and Commercial Bank
27. Managing Director, Myanma Insurance
28. Chairman, Republic of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI)

ကန့်သတ်

ကုမ္ပဏီအမည် - Myanmar Evergreen Gurjan Wood Company Limited

လုပ်ငန်း: - အထပ်သား၊ မျက်နှာပြင် သစ်ပါးလွှာ၊ မျက်နှာပြင်ကပ် သစ်ပါးလွှာ၊ ကျွန်းသစ်ပါးလွှာ နှင့် သစ်ခွဲသား ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက် ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၁၂-၈-၂၀၁၅		
၂	အဆိုပြုချက်အား ကုမ္ပဏီဌာနခွဲသို့ စိစစ်ရန် ပေးပို့ခြင်း	၁၈-၈-၂၀၁၅		
၃	သဘောထားမှတ်ချက်တောင်းခံခြင်း			
	(က) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (ပထမအကြိမ်)	၂၈-၈-၂၀၁၅		
	ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (ဒုတိယ အကြိမ်)	၁၄-၉-၂၀၁၅	၂၂-၉-၂၀၁၅	
	(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (ပထမအကြိမ်)	၂၈-၈-၂၀၁၅	၁၄-၉-၂၀၁၅	
	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန (ဒုတိယ အကြိမ်)	၁၄-၉-၂၀၁၅	၁၄-၉-၂၀၁၅	
	(ဃ) စက်မှုဝန်ကြီးဌာန (ပထမအကြိမ်)	၂၈-၈-၂၀၁၅	၉-၉-၂၀၁၅	
၃	PAT တင်ပြခြင်း	၂၄-၈-၂၀၁၅ ၃၀/၂၀၁၅		
၄	PAT လက်ခံကြောင်းပြန်ကြားခြင်း	၇-၉-၂၀၁၅		
၅	PATဆုံးဖြတ်ချက်အရ လိုအပ်ချက်များ အကြောင်းကြားခြင်း	၁၂-၉-၂၀၁၅		
၆	မြေအသုံးပြုခွင့်တင်ပြခြင်း			
	(က) ကော်မရှင်အစည်းအဝေး (၁၈ /၂၀၁၅) သို့ တင်ပြခြင်း			
	(ခ) စီးပွားရေးရာကော်မတီ အစည်းအဝေး သို့ တင်ပြခြင်း			ဆောင်ရွက်ဆဲ
	(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့ သို့ တင်ပြခြင်း			ဆောင်ရွက်ဆဲ

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
၇	ကုမ္ပဏီမှ အဆိုပြုချက် ပြန်လည်ပြင်ဆင်တင်ပြ လာသည့်နေ့	၂၉-၉-၂၀၁၅		
၈	ကုမ္ပဏီမှ အဆိုပြုချက် အစုံ(၂၀) ပေးပို့ခြင်း			
၉				
	စုစုပေါင်းကြာမြင့်ချိန်	၄၉ ရက်		

ကုမ္ပဏီအမည်	- Myanmar Evergreen Gurjan Wood.Company Limited
အဖွဲ့အစည်းပုံသဏ္ဌာန်	- ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	- အထပ်သား၊ မျက်နှာပြင် သစ်ပါးလွှာ၊ မျက်နှာပြင်ကပ် သစ်ပါးလွှာ၊ ကျွန်းသစ်ပါးလွှာနှင့် သစ်ခွဲသား ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း
တည်နေရာ	- မြေကွက်အမှတ်(၁၉၃၊၁၉၄/B)၊စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြေ ၈.၆ ဧက
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- အမေရိကန်ဒေါ်လာ ၄.၂၂၆ သန်း
လုပ်ငန်းသက်တမ်း	- ကနဦး ၁၅ နှစ် ၂နှစ် ၁ ကြိမ်

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါ ဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost (ကျပ်သန်း)	Benefit (ကျပ်သန်း)
၁	နိုင်ငံ့ဝန်ထမ်းလစာ(တစ်နှစ်)	၁.၆၈	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး		၁.၁၆၅
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်		-
၄	ဝင်ငွေခွန်	၁၂၄၈.၀၀	၂၅၁၂.၈၀
၅	ကုန်သွယ်လုပ်ငန်းခွန်		၁၄၁၄.၈၀
၆	လျှပ်စစ်မီးသုံးစွဲခ		၆၉၀.၀၀
၇	လုပ်ခလစာအပေါ်ဝင်ငွေခွန်		တစ်နှစ်ဝင်ငွေကျပ်သိန်းနှစ်ဆယ်ထက် ကျော်ပါက အခွန်ပေးရမည့် ဝန်ထမ်း (၂၈) ဦး
၈	CSR (၂%)		၁၂၀.၀၀
၁၀	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်းဝန်ထမ်း ၄၇၅ ဦး အလုပ်အကိုင်ရရှိမည် ဖြစ်ပါသည်။
	စုစုပေါင်း	၁၂၄၉.၆၈	၄၇၃၈.၇၇
၁၁	Cost : Benefit	၁ : ၄	

အကြောင်းအရာ။ ရခိုင်နှန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Evergreen Gurjan Wood Company Limited မှ အထပ်သား၊ မျက်နှာပြင် သစ်ပါးလွှာ၊ မျက်နှာပြင်ကပ် သစ်ပါးလွှာ၊ ကျွန်းသစ်ပါးလွှာနှင့် သစ်ခွဲသား ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် တင်ပြလာခြင်း ကိစ္စ

၁။	ကုမ္ပဏီအမည်/ ကမကထပြုသူ	- Myanmar Evergreen Gurjan Wood Co., Ltd. - Mr. Praveen Kumar Jain (စင်ကာပူနိုင်ငံသား)
	အဖွဲ့အစည်းပုံသဏ္ဌာန်	- ရခိုင်နှန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
	လုပ်ငန်းအမျိုးအစား	- အထပ်သား၊ မျက်နှာပြင် သစ်ပါးလွှာ၊ မျက်နှာပြင်ကပ် သစ်ပါးလွှာ၊ ကျွန်းသစ်ပါးလွှာနှင့် သစ်ခွဲသားထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း
၂။	တည်နေရာ	- မြေကွက်အမှတ် (၁၉၃၊၁၉၄/B)၊ စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
	မြေပိုင်ရှင်	- ဦးခင်မောင်လေးနှင့်ဒေါ်သီတာ
	မြေအကျယ်အဝန်း	- စုစုပေါင်း ၄.၇၂၆ ဧက (၁၉၁၂၅.၄၄၁ စတုရန်းမီတာ)
၃။	နှစ်စဉ်မြေနှင့်အဆောက်အဦ ငှားရမ်းခ	- ပထမ၅နှစ်အတွက် တစ်နှစ်လျှင် US $ ၁၀၅,၀၀၀ တစ်စတုရန်းမီတာလျှင် US $ ၅.၄၉ - ဒုတိယ၅နှစ်အတွက် တစ်နှစ်လျှင် US $ ၁၁၁,၃၀၀ တစ်စတုရန်းမီတာလျှင် US $ ၅.၈၂ - တတိယ၅နှစ်အတွက် တစ်နှစ်လျှင် US $ ၁၁၉,၀၈၈ တစ်စတုရန်းမီတာလျှင် US $ ၆.၂၃
	မြေငှားရမ်းကာလ	- ကနဦး ၁၅နှစ် နှင့် သက်တမ်းတိုး ၂ နှစ်
၄။	လုပ်ငန်းသက်တမ်း	- ကနဦး ၁၅နှစ် နှင့် သက်တမ်းတိုး ၂ နှစ်
	တည်ဆောက်ရေးကာလ	- ၂၄ လ
၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- US$ ၄.၂၂၆ သန်း
	ထည့်ဝင်သည့်အမျိုးအစား	Foreign Capital (US $ သန်း) ငွေသား ၁.၇၁၂ စက်နှင့် စက်ပစ္စည်း ၂.၂၈၈ ရုံးသုံးပစ္စည်း ၀.၀၂၃ အဆောက်အဦ ၀.၂၀၃ စုစုပေါင်း ၄.၂၂၆

၆။	ဝန်ထမ်းအင်အား	- ၅၀၀ ဦး
	ပြည်တွင်း	- ၄၇၅ ဦး (အမြင့်ဆုံးလစာမှာ ကျပ် ၁,၃၂၀,၀၀၀ဖြစ်ပြီး အနိမ့်ဆုံး လစာ ကျပ် ၉၅,၀၀၀ ဖြစ်ပါသည်။)
	ပြည်ပ	- ၂၅ ဦး(အမြင့်ဆုံးလစာမှာ USD ၁,၁၀၀ဖြစ်ပြီးအနိမ့်ဆုံး လစာ USD ၄၀၀ ဖြစ်ပါသည်။)
၇။	ရောင်းချမည့်စနစ်	- Plywood ကို ပြည်ပ ၈၀% နှင့် ပြည်တွင်း၂၀% ထုတ်လုပ် ရောင်းချမည်ဖြစ်ပြီး Face Veneer, Core Veneer, Teak Veneer, Sawn Timber တို့ကို ပြည်ပ ၁၀၀ % တင်ပို့ ရောင်းချမည် ဖြစ်ပါသည်။
၈။	ရောင်းချမည့်ပစ္စည်း (ဖြန့်စ်မြောက်)	

စဉ်	အမျိုးအမည်	အရေအတွက် (CBM)	ရောင်းချမည့် ဈေးနှုန်း (ပြည်ပ) (US$ /CBM)	ရောင်းချမည့် ဈေးနှုန်း (ပြည်တွင်း) (ကျပ်/CBM)
(က)	Plywood (၂၀%)			
	(၁) 3.20 MM	၁၃၇၄.၀၀	-	၈၆၂၅၁၁.၀၀
	(၂) 6 MM	၇၂၆.၀၀	-	၈၆၂၅၁၁.၀၀
	(၃) 12 MM	၂၃၃.၀၀	-	၈၆၂၅၁၁.၀၀
	(၄) 19 MM	၂၅၉.၀၀	-	၈၆၂၅၁၁.၀၀
	Plywood (၈၀%)			
	(၁) 3.20 MM	၅၄၉၅.၀၀	၉၅၇.၀၀	-
	(၂) 6 MM	၂၉၀၃.၀၀	၉၃၀.၀၀	-
	(၃) 12 MM	၉၃၃.၀၀	၈၉၅.၀၀	-
	(၄) 19 MM	၁၀၃၇.၀၀	၈၉၅.၀၀	-
(ခ)	Face Veneer	၁၄၂၇၄.၀၀	၇၀၂.၀၀	-
(ဂ)	Core Veneer	၂၆၈.၀၀	၃၀၀.၀၀	-
(ဃ)	Teak Veneer	၈၇၄.၀၀	၆၅၇၃.၀၀	-
(င)	Sawn Timber	၁၄၃၉.၀၀	၈၇၅.၀၀	-

၈။	ကုမ္ပဏီ၏ ဝင်ငွေ (ဆဋ္ဌမမြောက်နှစ်)	- US $ ၄၀.၀၃ သန်း
	ကုန်ကျစရိတ်	- US $ ၃၉.၂၄ သန်း
	အသားတင်အမြတ်	- US $ ၀.၇၉ သန်း
၉။	နိုင်ငံတော်မှရရှိမည့်အကျိုးအမြတ် (ဆဋ္ဌမမြောက်နှစ်)	
	ဝင်ငွေခွန်	- US$ ၀.၂၆ သန်း
	ကုန်သွယ်လုပ်ငန်းခွန်	- US $ ၀.၀၉ သန်း

	အရင်းကြေကာလ	- ၄ နှစ် ၄ လ
	အရင်းအနှီးအပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	- ၂၁ %
၁၀။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု (နှစ်စဉ်)	- ၁၀၀၀ MWH
၁၁။	အခြားတင်ပြချက်	- Myanmar Evergreen Gurjan Wood Co., Ltd. ၏ MOA, AOA မူကြမ်းတင်ပြထားပါသည်။ - မြေပိုင်ရှင် ဦးခင်မောင်လေး၊ ဒေါ်သီတာ နှင့် မြေငှားသူ Myanmar Evergreen Gurjan Wood Co., Ltd. တို့ ချုပ်ဆိုမည့် မြေငှားရမ်းစာချုပ် (မူကြမ်း) တင်ပြထားပါသည်။ - ဆောက်လုပ်မည့် စက်ရုံအဆောက်အဦ ဓာတ်ပုံများ၊ မြေပုံများ တင်ပြထားပါသည်။ - ဒါရိုက်တာ စာရင်း၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ Passport မိတ္တူများကို တင်ပြထားပါသည်။ - စင်ကာပူနိုင်ငံ၊ Oversea-Chinese Banking Corporation တွင် Valency International Trading Pte. Ltd. အမည်ဖြင့် (၂၉-၅-၂၀၁၅)ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၈,၀၄၈.၉၄ ရှိကြောင်း ဖော်ပြထားသည့် ငွေကြေး အထောက်အထား တင်ပြထားပါသည်။ - Exchange Rate အဖြစ် 1US$ = 1200 MMK ဖြင့် တွက်ချက် တင်ပြထားပါသည်။ - Valency International Trading Pte. Ltd. သည် ကုမ္ပဏီမှတ်ပုံတင်အမှတ် 200702113R ဖြင့် ၆-၂-၂၀၀၇ ရက် နေ့၌ စင်ကာပူနိုင်ငံတွင် ကုမ္ပဏီမှတ်ပုံတင်ထားကြောင်း အထောက်အထား၊ Notarial Certificate နှင့် MOA, AOA တင်ပြထားပါသည်။ - မိခင်ကုမ္ပဏီ Valency International Trading Pte. Ltd.မှ Myanmar Evergreen Gurjan Wood Co., Ltd. တွင် Mr. Praveen Kumar Jain ၊ Mr. Vijay Gupta နှင့် - Mr. Sandeep Rai တို့အားခန့်အပ်ကြောင်း Board of Directors' (BOD) Resolution တင်ပြထားပါသည်။

		- ကုမ္ပဏီမှပုဂ္ဂလိက သစ်မာစိုက်ခင်း ဧက (၁၀၀၀) တည်ထောင်ခွင့်အား ပတ်ဝန်း ကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ လျှောက်ထားသည့် စာ တင်ပြထားပါသည်။ - မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်၊ အလုပ်အကိုင်အသစ်များ ပေါ်ပေါက်လာမည့် အခြေအနေ၊ လုပ်ငန်းခွင် သာယာရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေး စီမံချက်၊ ဝန်ထမ်းများ၏ ကျန်းမာရေးအတွက် စီမံချက်၊ အလုပ်သမားများ လစာအပေါ် ဝင်ငွေခွန် ပေးဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာရေး စီမံချက်၊ လုပ်ငန်းသဘောသဘာဝ၊ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမည့် အစီအစဉ်များ၊ CSR Project တို့ကို တင်ပြထားပါသည်။
၁၁။	စိစစ်တင်ပြချက်	- IEE/ EMP ပြုလုပ်မည့် အစီအစဉ် ဆက်လက်တင်ပြသွားမည် ဖြစ်ပါသည်။

ကန့်သတ်

၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက - ၂/ န -၁၃၀ / ၂၀၁၅ (၇၆၉)

ရက်စွဲ ၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့

တင်ပြသည့်အမှာစာ

အကြောင်းအရာ။ ရာခိုင်နှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Evergreen Gurjan Wood Company Limited မှ အထပ်သား၊ မျက်နှာပြင် သစ်ပါးလွှာ၊ မျက်နှာပြင်ကပ် သစ်ပါးလွှာ၊ ကျွန်းသစ်ပါးလွှာနှင့် သစ်ခွဲသား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် တင်ပြလာခြင်း ကိစ္စ

၁။ စင်ကာပူနိုင်ငံ Valency International Trading Pte. Ltd. မှ မြန်မာနိုင်ငံတွင် Myanmar Evergreen Gurjan Wood Company Limited တည်ထောင်ကာ ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်(၁)၊ မြေကွက်အမှတ် (၁၉၃၊၁၉၄/B) ရှိ စုစုပေါင်းမြေအကျယ်အဝန်း ၄.၇၂၆ ဧက (၁၉၁၂၅.၄၄၁ စတုရန်း မီတာ) နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦတို့ကို ငှားရမ်းကာ အထပ်သား၊ မျက်နှာပြင် သစ်ပါးလွှာ၊ မျက်နှာပြင်ကပ် သစ်ပါးလွှာ၊ ကျွန်းသစ်ပါးလွှာနှင့် သစ်ခွဲသား ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြု တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ မြေပိုင်ရှင် ဦးခင်မောင်လေး နှင့် ဒေါ်သီတာနှင့် မြေငှားသူ Myanmar Evergreen Gurjan Wood Co., Ltd. တို့ ချုပ်ဆိုထားသော မြေနှင့်အဆောက်ဦ ငှားရမ်းစာချုပ်(မူကြမ်း)၊ မြေအထောက်အထားနှင့် အဆောက်အဦဓါတ်ပုံများ တင်ပြထားပါသည်။

၃။ မြေအကျယ်အဝန်းမှာ ၄.၇၂၆ ဧက (၁၉၁၂၅.၄၄၁ စတုရန်းမီတာ) ဖြစ်ပြီး နှစ်စဉ် မြေငှားရမ်းခမှာ တစ်စတုရန်းမီတာလျှင် US$ ၅.၄၉ နှုန်းဖြင့် တစ်နှစ်ငှားရမ်းခမှာ USD ၁၀၅,၀၀၀ ဖြစ်ပါသည်။

၄။ လုပ်ငန်းစီမံကိန်းကာလမှာ ကနဦး ၁၅ နှစ်နှင့် သက်တမ်းတိုး ၂ နှစ် ဖြစ်ပြီး၊ တည်ဆောက်ရေးကာလ ၂၄လ ကြာမြင့်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၅။ လုပ်ငန်း၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၄.၂၂၆ သန်း ဖြစ်ပြီး တစ်ဖက်ပါအတိုင်း ထည့်ဝင်ထားပါသည်-

ကန့်သတ်

		အမေရိကန်ဒေါ်လာ (သန်းပေါင်း)
(က)	ငွေသား	၁.၇၁၂
(ခ)	စက်နှင့် စက်ပစ္စည်း	၂.၂၈၈
(ဂ)	ရုံးသုံးပစ္စည်း	၀.၀၂၃
(ဃ)	အဆောက်အဦ	၀.၂၀၃
	စုစုပေါင်း	၄.၂၂၆

၆။ လုပ်ငန်းဆောင်ရွက်ရန် ပြည်တွင်းဝန်ထမ်းဦးရေ (၄၇၅) ဦးနှင့် ပြည်ပဝန်ထမ်းဦးရေ (၂၅) ဦး စုစုပေါင်း (၅၀၀) ဦး ခန့်ထားမည်ဖြစ်ပြီး ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစာမှာ ကျပ် ၉၅,၀၀၀ ဖြစ်ပြီး အမြင့်ဆုံး လစာမှာ ကျပ် ၁,၃၂၀,၀၀၀ဖြစ်ကြောင်းနှင့် ပြည်ပ ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ အမေရိကန်ဒေါ်လာ ၄၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ အမေရိကန် ဒေါ်လာ ၁,၁၀၀ ဖြစ်ပါသည်။

၇။ အဆိုပြုလုပ်ငန်းမှ ထွက်ရှိလာသည့် ပစ္စည်းများမှ Plywood ကို ပြည်ပ ၈၀% နှင့် ပြည်တွင်း ၂၀% ထုတ်လုပ် ရောင်းချမည်ဖြစ်ပြီး Face Veneer, Core Veneer, Teak Veneer, Sawn Timber တို့ကို ပြည်ပ ၁၀၀ % ရောင်းချမည်ဖြစ်ပါသည်။ နှစ်စဉ်ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်) ထုတ်လုပ်မှုနှင့် ရောင်းဈေးနှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက် (CBM)	ရောင်းချမည့် ဈေးနှုန်း (ပြည်ပ) (US$ /CBM)	ရောင်းချမည့် ဈေးနှုန်း(ပြည်တွင်း) (ကျပ်/CBM)
(က)	Plywood (၂၀%)			
	(၁) 3.20 MM	၁၃၇၄.၀၀	-	၈၆၂၅၁၁.၀၀
	(၂) 6 MM	၇၂၆.၀၀	-	၈၆၂၅၁၁.၀၀
	(၃) 12 MM	၂၃၃.၀၀	-	၈၆၂၅၁၁.၀၀
	(၄) 19 MM	၂၅၉.၀၀	-	၈၆၂၅၁၁.၀၀
	Plywood (၈၀%)			
	(၁) 3.20 MM	၅၄၉၅.၀၀	၉၅၇.၀၀	-
	(၂) 6 MM	၂၉၀၃.၀၀	၉၃၁.၀၀	-
	(၃) 12 MM	၉၃၃.၀၀	၈၉၅.၀၀	-
	(၄) 19 MM	၁၀၃၇.၀၀	၈၉၅.၀၀	-
(ခ)	Face Veneer	၁၄၂၇၄.၀၀	၇၀၂.၀၀	-
(ဂ)	Core Veneer	၂၆၈.၀၀	၃၀၀.၀၀	-
(ဃ)	Teak Veneer	၈၇၄.၀၀	၆၅၇၃.၀၀	-
(င)	Sawn Timber	၁၄၃၉.၀၀	၈၇၅.၀၀	-

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်) တွင် ကုမ္ပဏီမှ ရရှိမည့် အကျိုးအမြတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

အမေရိကန်ဒေါ်လာ
(သန်း)

(က)	ဝင်ငွေ	၄၀.၀၃
(ခ)	အသုံးစရိတ်	၃၉.၂၄
(ဂ)	အသားတင်အမြတ်	၀.၇၉

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ဆဋ္ဌမမြောက်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် အမေရိကန်ဒေါ်လာ ၀.၂၆ သန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် အမေရိကန်ဒေါ်လာ ၀.၀၉ ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ ၄ နှစ်နှင့် ၄လ ဖြစ်ပြီး အရင်းအနှီး အပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ ၂၁% ဖြစ် ပါသည်။

၁၀။ အဆိုပြုလုပ်ငန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက်များ ပြန်ကြားထားပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့** မှ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိ မြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်း မရှိ ကြောင်း၊ အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား(၄၇၅)ဦး အလုပ်အကိုင် ရရှိမည်ဖြစ်သောကြောင့် မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါကြောင်း၊ အဆိုပြုလုပ်ငန်း လုပ်ကိုင်ရန် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်(၁)၊ မြေကွက်အမှတ် (၁၉၃၊ ၁၉၄/B) ရှိ စုစုပေါင်း မြေအကျယ်အဝန်း ၄.၇၂၆ ဧက (၁၉၁၂၅.၄၆စတုရန်း မီတာ)အား ပထမ(၅)နှစ်အတွက် တစ်စတုရန်း မီတာလျှင် တစ်နှစ်အတွက် အမေရိကန်ဒေါ်လာ (၅.၈၂) နှုန်း၊ ဒုတိယ(၅)နှစ်အတွက် တစ်စတုရန်းမီတာလျှင် တစ်နှစ်အတွက် အမေရိကန်ဒေါ်လာ (၅.၈၂) နှုန်း တတိယ (၅) နှစ် အတွက် တစ်စတုရန်း မီတာလျှင် တစ်နှစ်အတွက် အမေရိကန်ဒေါ်လာ ၆.၂၃ နှုန်းဖြင့် ကနဦး (၁၅)နှစ်၊ ထပ်တိုး(၂)နှစ် ငှားရမ်း လုပ်ကိုင်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းမှုတို့ အရ လက်ခံ နိုင်ခြင်း ရှိပါကြောင်း၊

နောက်ဆက်တွဲ-က

(ခ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန** မှ အဆိုပြုလုပ်ငန်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေး နှင့် ကျန်းမာရေးထိခိုက်မှုများ ရှောင်ရှားနိုင်ရန် စီမံကိန်းဆိုင်ရာ အချက်အလက်များအား ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့်လုပ်ငန်း စနစ်အသုံးပြုခြင်း၊ အဆိုပြုလွှာတွင်ဖော်ပြပါရှိသည့် လူမှုရေးဆိုင်ရာတာဝန်ခံမှု (CSR)အား အသားတင် အမြတ်ငွေ၏(၂%)ကိုအသုံးပြုရန် အပါအဝင်ကတိကဝတ်များအား လုပ်ငန်း စီမံချက် ပါအတိုင်း လိုက်နာဆောင်ရွက်ရန်၊ အဆိုပြုလုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး (သို့မဟုတ်) အနည်းဆုံးဖြစ်စေရေး တို့အတွက် ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း (Initial Environmental Examination-IEE)ဆောင်ရွက်ပြီး အစီရင်ခံစာတင်ပြရန်၊ အဆိုပါ လေ့လာဆန်းစစ်မှု ရလဒ်များကို အခြေခံ၍ လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ကို ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် ကုန်ထုတ်လုပ်မှုနည်းပညာများ၊ လုပ်ငန်းအစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေစသည်တို့ ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP)ကိုရေးဆွဲတင်ပြရန်နှင့် EMP စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာကျင့်သုံး အကောင်အထည် ဖော်ဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြန်ကြားထားပါသည်။

(ကုမ္ပဏီမှ ဆက်လက်ရေးဆွဲ တင်ပြမည်ဖြစ်ကြောင်း တင်ပြထားပါသည်။)

နောက်ဆက်တွဲ-ခ

(ဂ) **စက်မှုဝန်ကြီးဌာနမှ** လျှပ်စစ်သွယ်တန်းအသုံးပြုမှု၊ ဘွိုင်လာအသုံးပြုမှုများကို လျှပ်စစ်ဥပဒေ၊ ဘွိုင်လာဥပဒေတို့နှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေနှင့် အညီ စက်မှုမှတ်ပုံတင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ-ဂ**

၁၁။ ငွေရေးကြေးရေး အထောက်အထားအဖြစ် စင်ကာပူနိုင်ငံ၊ Oversea-Chinese Banking Corporation တွင် Valency International Trading Pte. Ltd. အမည်ဖြင့် (၂၉-၅-၂၀၁၅)

ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၈,၀၄၈.၉၄ ရှိကြောင်း ဖော်ပြထားသည့် ငွေကြေးအထောက်အထား တင်ပြထားပြီး၊ Valency International Trading Pte. Ltd. သည် ကုမ္ပဏီ မှတ်ပုံတင်အမှတ် 200702113R ဖြင့် ၆-၂-၂၀၀၇ ရက် နေ့၌ စင်ကာပူနိုင်ငံတွင် ကုမ္ပဏီမှတ်ပုံတင်ထားကြောင်း အထောက်အထား၊ Notarial Certificate နှင့် MOA, AOA တင်ပြ ထားပါသည်။

၁၂။ မိခင်ကုမ္ပဏီ Valency International Trading Pte. Ltd.မှ Myanmar Evergreen Gurjan Wood Co., Ltd. တွင် Mr. Praveen Kumar Jain ၊ Mr. Vijay Gupta နှင့် Mr. Sandeep Rai တို့အားခန့်အပ်ကြောင်း Board of Directors'(BOD) Resolution တင်ပြထားပါသည်။

၁၃။ Myanmar Evergreen Gurjan Wood Co., Ltd. မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကနဦးဆန်းစစ်ခြင်း (IEE)နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက် (EMP) လုပ်ငန်းအစီရင်ခံစာ အပြည့်အစုံကို ဆက်လက်တင်ပြမည်ဖြစ်ကြောင်းတင်ပြစာ၊ ပုဂ္ဂလိက ကိုယ်ပိုင် သစ်စိုက်ခင်း လျှောက်ထား၍ စိုက်ပျိုးမည်ဖြစ်ကြောင်း တင်ပြစာ၊ မီးဘေးကြိုတင် ကာကွယ်ရေးစီမံချက်၊ အလုပ်အကိုင်အသစ်များ ပေါ်ပေါက်လာမည့် အခြေအနေ၊ လုပ်ငန်းခွင် သာယာရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေး စီမံချက်၊ ဝန်ထမ်းများ၏ ကျန်းမာရေးအတွက် စီမံချက်၊ အလုပ်သမားများ လစာအပေါ် ဝင်ငွေခွန် ပေးဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်း သာယာရေး စီမံချက်၊ လုပ်ငန်းသဘောသဘာဝ၊ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမည့် အစီအစဉ်များကို တင်ပြထားပါသည်။

၁၄။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် တင်ပြထားပါသည်။

၁၅။ အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်စွဲဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၄၉ / ၂၀၁၄ ၏ စီးပွားရေးလုပ်ငန်းအမျိုးအစားများ ပြင်ဆင်သတ်မှတ်ခြင်းတွင် ခွင့်မပြုသည့်လုပ်ငန်း၊ ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ရမည့်လုပ်ငန်း၊ ကန့်သတ်ချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစာရင်းတွင် မပါဝင်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုနိုင်သော လုပ်ငန်းအမျိုးအစားဖြစ်ပါသည်။

၁၆။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ၃၀/၂၀၁၅ ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၁၇။ **စိစစ်တင်ပြချက်**

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပုဂ္ဂလိကမြေတွင် ငှားရမ်းဆောင်ရွက်ခွင့်ပြုရန် ကိစ္စကို ကော်မရှင်၏ ၁၆/၂၀၁၅ ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြထားပြီး စီးပွားရေးရာ ကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများသို့ ဆက်လက် တင်ပြထားပါသည်။

(ခ) ပုဂ္ဂလိကမြေတွင် ငှားရမ်းဆောင်ရွက်ခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူခွင့်ပြုပြီးမှသာ ကော်မရှင်ခွင့်ပြုမိန့် ထုတ်ပေးမည်ဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၈။ စင်ကာပူနိုင်ငံ Valency International Trading Pte. Ltd. မှ မြန်မာနိုင်ငံတွင် Myanmar Evergreen Gurjan Wood Company Limited တည်ထောင်ကာ ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်(၁)၊ မြေကွက် အမှတ် (၁၉၃၊၁၉၄/B) ရှိ စုစုပေါင်းမြေအကျယ်အဝန်း ၄.၇၂၆ ဧက (၁၉၁၂၅.၄၄၁ စတုရန်း မီတာ) နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦတို့ကို ငှားရမ်းကာ အထပ်သား၊ မျက်နှာပြင် သစ်ပါးလွှာ၊ မျက်နှာပြင်ကပ် သစ်ပါးလွှာ၊ ကျွန်းသစ်ပါးလွှာနှင့် သစ်ခွဲသား ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူ။
ရုံးလက်ခံ